# အသိပေးကြေညာချက် (၁၂/၂၀၂၄)

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်

၁။ ပို့ကုန်တင်ပို့သူများ၏ ပို့ကုန်ရငွေများ ပြန်လည်ဝင်ရောက်ရေးအတွက် အဆင့်ဆင့်ဖြေလျှော့ပေးခဲ့ရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ်(၃၇/၂၀၂၄)အရ (၃-၄-၂၀၂၂) ရက်နေ့မှ (၇-၈-၂၀၂၄) ရက်နေ့အထိ တင်ပို့ခဲ့သည့် ပို့ကုန်ကြေညာလွှာ (ED) များအတွက် ပို့ကုန်ရငွေကို (၉-၈-၂၀၂၄) ရက်နေ့မှ (၃၀-၁၁-၂၀၂၄) ရက်နေ့အတွင်း ပြန်လည်ပေးသွင်းပါက ၂၅%၊ ၇၅% အချိုးဖြင့် ခံစားခွင့်ပြုမည်ဖြစ်ကြောင်း ထုတ်ပြန်ထားပါသည်။

၂။ ထို့အပြင် ပို့ကုန်ရငွေပေးသွင်းရာတွင် အခက်ခဲမရှိစေရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အမေရိကန်ဒေါ်လာအပြင် တရုတ်ယွမ်၊ ထိုင်းဘတ်၊ အိန္ဒိယရူပီးတို့ဖြင့် ပေးသွင်းနိုင်ကြောင်းကိုလည်း ခွင့်ပြုထားသဖြင့် ပို့ကုန်ရငွေပေးသွင်းရန်ကျန်သည့်လုပ်ငန်းရှင်များအနေဖြင့် သတ်မှတ်ရက်အတွင်း အကျေပေးသွင်းသွားရန် အသိပေးကြေညာအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန